သာမန်ကာလ (၂၁)မြောက် တနင်္ဂနွေနေ့

ရှင်လုကာ ၁၃း၂၂ - ၃၀

လူတစ်ယောက်က ယေရှုဘုရားရှင်ကို မေးတယ် "ကောင်းကင်ဘုံရောက်တဲ့လူ နဲသလား/ များသလား'' တဲ့ ။ လူတွေက သိတ်သိချင်ကြတယ်၊ တကယ်သိချင်တာက "ကောင်းကင်ဘုံရောက်တဲ့လူတွေအထဲမှာ ငါရော ပါနိုင်ပါ့မလား။ ကောင်းကင်ဘုံ ရောက်တဲ့လူ များရင်တော့ ငါလည်း ပါလောက်မှာပါ။ နဲရင်တော့ ငါလိုလူ မပါလောက်တော့ဘူး" လို့ တွေးမိလို့ပါပဲ။ လူတွေက ဘာသာရေး၊ ဘုရားတရားကို အနဲနဲ့အများ သိကြပါတယ်။ ဒါပေမဲ့ လူအနဲစုကသာ မိမိရဲ့ အပြစ်ကို နောင်တရကြတယ်၊ တကယ်ပြောင်းလဲချင်ကြတယ်။ လူအများစုကတော့ ဩဝါဒ တရားတွေကို နားထောင်ကြမယ်၊ မြင်ရတဲ့တန်ခိုးတွေကို အံ့ဩကြမယ် ဒါပဲ။ သခင်ယေရှုရဲ့နာဇရက်မြို့က လူတွေလိုပေါ့။ အဲဒီလူတွေက သခင်ယေရှုလုပ်တဲ့တန်ခိုးတွေကို ကြားရတော့ အံ့ဩပြီး "ဒီလူ ဒီတန်ခိုးတွေကို ဘယ်ကရတာလဲ၊ ဘယ်ကနေ တတ်တာလဲ" ဆိုပြီး အံ့ဩပြီးတော့ ပြီးရော။ ရှေ့ဆက်လည်း မစဉ်းစားတော့ဘူး၊ ကိုယ့်ကိုယ်ကိုလည်း သခင်ယေရှုရဲ့တရားကြောင့် ပြောင်းလဲရမှန်းလည်း ထည့်မစဉ်းစားကြဘူး။ ဒါကြောင့် ကျနော်တို့ ကိုယ့်ဝိညာဉ်ရေးမှာ ဘာလုပ်စရာ လိုသလဲ။ အပြစ်ကို စွန့်လွှတ်စရာ လိုတယ်။ ဘုရားကို ယုံကြည်စရာ လိုတယ်။

လူအားလုံး နေရာအရပ်ဒေသမရွေး ကောင်းကင်ဘုံရောက်နိုင်ခြေ များပါတယ်။ ဒါကြောင့် ယနေ့ကျမ်းစာမှာ ယေရှုဘုရားရှင်က "အရှေ့၊အနောက်၊ တောင်၊မြောက် အရပ်ရပ်တို့မှ လူတို့သည်လည်း လာကြ၍ ဘုရားသခင်၏နိုင်ငံတော်၌ စားပွဲတွင် ထိုင်ကြလိမ့်မည်။" တဲ့။ ရှင်ယောဟန်ရေးထားတဲ့ ဗျာဒိတ်ကျမ်းထဲမှာ ကောင်းကင်ဘုံရောက်တဲ့လူတွေဟာ မရေမတွက်နိုင်အောင် များတယ်လို့ ရေးထားပါတယ်။(ဗျာဒိတ်ကျမ်း ၇း၉)

အခု ယေရှုဘုရားရှင်ကို မေးတဲ့မေးခွန်း "ကောင်းကင်ဘုံရောက်တဲ့လူ နဲသလား/ များသလား" ကို ယေရှုဘုရားရှင်က နဲတယ်လည်း မပြောဘူး၊ များတယ်လည်း မပြောဘူး။ "ကျဉ်းမြောင်းသောတံခါးမှဝင်ရန် ကျိုးစားကြလော့" လို့ မိန့်တော်မူပါတယ်။ ဒါကြောင့် ကျိုးစားစရာ လိုတယ်ဆိုတဲ့ သင်ခန်းစာကို မှတ်သားကြပါ။ တစ်ချို့က ဘာသာရေးမှာ ရေလိုက်ငါးလိုက် နေရင် ဖြစ်တယ်လို့ ထင်နေရပါတယ်။ ကျိုးစားစရာလိုတယ်/တရားအားထုတ်စရာ လိုတယ် ဆိုတာ အခု သိကြရပါပြီ။ ယေရှုဘုရားရှင်ရဲ့တရားတော်အတိုင်း စိတ်ကောင်းထားဖို့ ကျိုးစားစရာလိုတယ်။ နူးညံ့သိမ်မွေ့နိုင်ဖို့ ကျိုးစားစရာလိုတယ်။ ရန်သူကို ချစ်နိုင်ဖို့ ကျိုးစားစရာလိုတယ်။ အကြိမ် (၇၀) (၇)လီ ခွင့်လွှတ်နိုင်ဖို့ ကျိုးစားစရာလိုတယ်။ "မိမိ လက်ဝါးကားတိုင်ကို နေ့စဉ်ထမ်း" နိုင်ဖို့ ကျိုးစားစရာလိုတယ်။ "မိမိကိုယ်ကို ငြင်းပယ်" နိုင်ဖို့ ကျိုးစားစရာလိုတယ်။ "မိမိကိုယ်ကို ချစ်သလို သူတစ်ပါးကိုချစ်"နိုင်ဖို့ ကျိုးစားစရာလိုတယ်။ အဲဒီလို ကျိုးစားလို့ အောင်မြင်နိုင်မှပဲ ကောင်းကင်ဘုံရောက်မယ်လို့ ပြောနေတာ မဟုတ်ဘူး။ အဲဒီလိုကျိုးစားလို့ မအောင်မြင်နိုင်ရင်တော့

ရေသွားလို့ ပြောနေတာမဟုတ်ဘူး။ ယေရှုဘုရားရှင် မိန့်တော်မူတာကို သေချာနားထောင်ကြည့် ကျိုးစားဖို့ပဲ မိန့်တော်မူတယ်။ သင့်ဘက်က ရိုးရိုးသားသား ကျိုးစားနေသရွေ့ ကောင်းကင်ဘုံဟာ သင့်အတွက်ပါပဲ။ ဟုတ်တယ်လေ၊ လုံးဝအပြစ်ကင်းမှပဲ ကောင်းကင်ဘုံရောက်နိုင်မယ်သာဆိုရင် မာရိယားမာဒလေနားဆိုတဲ့မကောင်းတဲ့အမျိုးသမီး ဘယ်လိုလုပ် ကောင်းကင်ဘုံရောက်တာလဲ။ လက်ဝါးကားတိုင်ပေါ်က ကောင်းတဲ့သူခိုး ဘယ်လိုလုပ် ကောင်းကင်ဘုံရောက်တာလဲ။ သခင်ယေရှုကို (၃)ခါ ငြင်းပယ်ခဲ့တဲ့ ရှင်ပေတရုး ဘယ်လိုလုပ် ကောင်းကင်ဘုံရောက်တာလဲ။

ယနေ့ ယေရှုဘုရားရှင် မိန့်တော်မူတဲ့ ဥပမာစကားထဲမှာ "သင်တို့ မည်သည့်အရပ်က လာသည်ကို ငါမသိ။ မကောင်းမှုကိုပြုသောသူအပေါင်းတို့ ငါ့ထံမှ ထွက်သွားကြလော့" လို့ နှင်ထုတ်ခဲ့ပါတယ်။ "မကောင်းမှုကို ပြုသောသူအပေါင်းတို့" ဆိုတာ ဘယ်သူ့ကို ပြောတာလဲ။ "မကောင်းမှုကို ပြုသောသူ" အင်္ဂလိပ်လို ဘယ်လိုရေးထားတယ်ဆိုရင် **Wicked men** လို့ ရေးထားပါတယ်။ ယုတ်မာတဲ့လူတွေ လို့ အဓိပ္ပါယ်ရပါတယ်။ အားနည်းလို့ မကောင်းမှုကို ပြုမိတာ ရှိသလို မကောင်းမှုမှန်းသိသိကြီးနဲ့ လိုလိုလားလား ရက်ရက်စက်စက် ယုတ်မာတာလည်း ရှိပါတယ်။ အခု နှင်ထုတ်ခံရတဲ့သူတွေက ယုတ်မာတဲ့သူတွေပါ။ မာရိယားမာဒလေနားတို့လို အားနည်းလို့ အပြစ်လုပ်မိတဲ့သူတွေ မဟုတ်ဘူး၊ ယုတ်မာလို့ အပြစ်လုပ်ကြတာပါ။ မာရိယားမာဒလေနားတို့လို ရိုးသားတဲ့လူတွေက ယေရှုဘုရားရဲ့တရားတော်ကို ကြားလိုက်ရတာနဲ့ နောင်တရကြတယ်လေ။ အဲ့လို ရိုးသားတဲ့သူ၊ နောင်တရတဲ့လူတွေအတွက်တော့ ကောင်းကင်ဘုံက အဆင်သင့်ပါပဲ။

ယေရှုဘုရားရှင် မိန့်တော်မူတဲ့စကားထဲမှာ "သင်တို့သည် မည်သည့်အရပ်ကလာသည်ကို ငါမသိ" လို့ ခဏခဏ "ငါမသိ၊ ငါမသိ" လို့ မိန့်တော်မူပါတယ်။ ဒါနဲ့ သူတို့က သိအောင်/ သူတို့နဲ့ ဆုံဖူးတာ သိအောင် ဘယ်လိုထပ်ပြောသေးသလဲဆိုတော့ "ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ စားသောက်ခဲ့ကြပါပြီ။ ကိုယ်တော်သည် ကျွန်ုပ်တို့၏လမ်းများပေါ်တွင် သွန်သင်ခဲ့ပါသည်" တဲ့။ ဒီလို ပြန်သတိယအောင် ပြောလိုက်ရင် အိမ်ရှင်က ပြန်သတိယမယ်လို့ သူတို့ ထင်ခဲ့တာပါ။ ဒါလည်း အတူစားသောက်ခဲ့တာလည်း သတိမယ၊ သူတို့ရဲ့လမ်းတွေပေါ်မှာ တရားဟောတာကိုလည်း မမှတ်မိ။ ဒါကြောင့် "သင်တို့ကို ငါမသိ" လို့ ထပ်ပြောပြန်ရော။ ဘာသာသူတို့ "ကိုယ်တော်နဲ့အတူ စားသောက်ခဲ့ပါပြီ" "ကိုယ်တော်မြတ် ပင့်ခဲ့ပါပြီ" လို့ ပြောလည်း ဘုရားက သင့်ကို မှတ်မိမှာ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ခင်ဗျားက ကိုယ်တော်မြတ်သာ ပင့်ယူခဲ့တာ၊ ဘုရားနဲ့မှ မရင်းနှီးတာပဲ။ "ကိုယ်တော်သည် တပည့်တော်တို့၏လမ်းများပေါ်မှာ တရားဟောခဲ့ပါပြီ" (တပည့်တော်တောင် အိမ်ထဲက လှမ်းကြည့်ပြီး နားထောင်လိုက်သေးတယ်) ကိုယ်တော် မမှတ်မိဘူးလား လို့ သင်က မေးမှာပါပဲ။ သင်က ဩဝါဒသာ နားထောင်တာ၊ အဲဒီဩဝါဒအတိုင်း ကျင့်ဖို့ စိတ်ကို မဝင်စားဘူး။ သင်က အုတ်ရောရောကျောက်ရောရော လာနားထောင်တာပါ၊ အရေးတယူမထားပါဘူး။ ဒါကြောင့် ဘုရားက သင့်ကို မမှတ်မိတာ။ ဒီလောက် ဘုရားကျောင်းတက်ခဲ့တာကို ဘုရားက "သင့်ကို ငါမသိ" လို့ ပြော ပြောချင်စရာပါပဲ။ ဘာသာတရားကိုတော့ ဝတ်နည်းအရ လုပ်တယ်။ ထဲထဲဝင်ဝင် စိတ်မဝင်စားဘူး၊ ဒါကြောင့် ဘုရားက သင့်ကို မသိတာဟာ မထူးဆန်းပါဘူး။

ယနေ့ ကျမ်းပိုဒ်ရဲ့နောက်ဆုံးမှာ ယေရှုဘုရားရှင်က "နောက်ဆုံးသောသူတို့သည် ပထမဦးဆုံး ဖြစ်ကြလိမ့်မည်။ ပထမဦးဆုံးသူတို့သည် နောက်ဆုံးဖြစ်ကြလိမ့်မည်" တဲ့။ လောကမှာ ပထမဦးစားပေး သူတော်ကောင်းတွေလို့ ထင်ရလောက်တဲ့သူတွေက ကောင်းကင်နိုင်ငံတော်ဝင်ရဖို့ နောက်ဆုံးဖြစ်ချင်ဖြစ်လိမ့်မယ် တဲ့။ လောကမှာ သိမ်ငယ်နေရတဲ့သူ၊ သူလုပ်မိတဲ့ မကောင်းမှုတွေကြောင့် အားငယ်နေရတဲ့သူ၊ တိတ်တဆိတ် နောင်တရနေတဲ့သူတွေကတော့ ကောင်းကင်ဘုံဝင်နိုင်မည့်သူစာရင်းထဲမှာ ပထမဦးဆုံးသူတွေ ဖြစ်ကြပါလိမ့်မယ်။

ယနေ့ ကျနော်တို့ ရရှိတဲ့သင်ခန်းစာကတော့ ကျိုးစားစရာ လိုတယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကို စည်းကမ်း ကြပ်မတ်ပေးစရာလိုတယ်။ စောစောထပြီး ဘုရားကျောင်းတက် ဆုတောင်းစရာလိုတယ်။ အဆုံးအမ ခံယူစရာလိုတယ်။ ဒါကြောင့် ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာ ဟေဗြဲဦးဩဝါဒစာမှာ ရှင်ပေါလူးက "ကျမ်းစာချက်ဟူမူကား ငါ့သား၊ ထာဝရဘုရားသခင်၏ ပဲ့ပြင်တော်မူချက်တို့ကို ဂရုတစိုက်နာခံလော။ အပြစ်တင်ဆုံးမသောအခါ စိတ်ပျက်ငြိုငြင်ခြင်းမရှိလေနှင့်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် မိမိချစ်သောသူတို့ကို သွန်သင်ပဲ့ပြင်ပြီးလျှင် သားအဖြစ်လက်ခံသောသူတိုင်းကို ဆုံးမတော်မူတတ်သောကြောင့် ဖြစ်၏။ စည်းကမ်းရှိရန် ထိုအရာများကို သင်တို့ ခံထမ်းကြရမည်။ ဘုရားသခင်သည် သင်တို့ကို သားသမီးအဖြစ် ဆက်ဆံပြုမူတော်မူ၏။ ဖခင် မဆုံးမသည့်သား ဟူ၍ ရှိသလော" တဲ့။ ဆုံးမတဲ့အတိုင်း နာခံစရာလိုတယ်လို့ သင်ခန်းစာပေးနေပါတယ်။ မိဘစကား၊ ဘုရားရဲ့စကားတွေကို နာခံစရာလိုတယ်။ ဘယ်သူ့စကားမှ နားမထောင်၊ ဘယ်သူဆုံးမတာမှ လက်မခံပဲ နေရင် ပျက်စီးမှာသေချာတယ်။ တစ်ချိန်လုံး ဖုန်းပဲ ကြည့်နေတယ်၊ ဂိမ်းပဲ ကစားနေတဲ့လူက တစ်နေ့လုပ်တစ်နေ့စားဘဝထဲ ရောက်မှာပဲ။ ပုံမတော်ရင် သူတောင်းစားတောင် ဖြစ်သွားနိုင်တယ်။ မိဘက ကျွေးထားနိုင်တုန်းမှာ မကျိုးစားပဲ ပျင်းနေလို့ကတော့ ဘဝပျက်မှာပဲ သေချာတယ်။

ဒါကြောင့် ဘာသာသူတို့ သေချာစိတ်ချရတဲ့ဘုရားရဲ့စကားကို နားထောင်ပါ။ ကိုယ့်ကိုယ်ကို ဘုရားကိုနာခံတတ်ဖို့ စည်းကမ်းနဲ့ ကိုယ့်ကိုယ်ကို ကြပ်မတ်ပါ။ "သို့ဖြစ်၍ ငါတို့သည် အသက်ကို ရရှိခြင်းငှါ ဝိညာဉ်ရေးဆိုင်ရာဖခင်၏ဆုံးမပဲ့ပြင်မှုကို ပို၍ ခံယူသင့်သည် မဟုတ်ပါလော"

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။